# သခင့်စကား

ဝိညာဉ်ရေးဂျာနယ်

ထာဝရဘုရား မိန့်တော်မူသည်ကား ထိုကာလ၌ ငါသည် နားထောင်မည်၊ မိုးကောင်းကင်စကားကို နားထောင်၍ သူသည် မြေကြီး စကားကို နားထောင်မည်၊၊ မြေကြီးသည်လည်း ဆန်စပါး စပျစ်ရည် ဆီ တို့၏ စကားကို နားထောင်၍ … …မသနား မစုံမက်အပ်သော သတို့သမီးကို ငါ သနားစုံမက်မည်၊၊ ဟောရှေ ၂း၂၁–၂၃

အမှတ်စဉ် (၅၈) ဇွန်လ ၂၀၀၆ ခုနှစ်

စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## ချစ်သူသို့ ပေးစာများ – ၁

ချစ်သူ

ကိုယ့်ကိုယ်ကို "ရုပ်ကလဲ ဆိုးလိုက်တာ၊ သူများလိုလဲ မလှဘူး" ဆိုပြီးတော့များ စိတ်ပျက်နေမိသလားကွယ်၊ ကိုယ့်ကိုယ်ကို ဘယ်လိုဘဲ မြင်မြင် သူများတွေ ကိုယ့်ကို ဘယ်လိုဘဲ မြင်မြင်၊ ငါ့ရဲ့ မျက်လုံးထဲမှာတော့ ချစ်သူက ပြစ်မျိုးမဲ့မထင် အလှပဂေးလေးပါဘဲ။ တကယ့်ကို ပြီးပြည့်စုံတဲ့ သူပါဘဲကွယ်။



အရင်တုံးက ဘာတွေ ဖြစ်ပျက်ခဲ့၊ ကိုယ့်ကိုယ်ကို ဘယ်လိုဘဲ အပြစ် မြင်ခဲ့မြင်ခဲ့၊ အခုအချိန်မှာတော့ ငါ့ရဲ့ အသက်နဲ့ ငါ့ရဲ့ ချစ်ခြင်းမေတ္တာတွေက ချစ်သူရဲ့ ဘဝကို ရှင်သန်စေလို့ အကောင်းဆုံး အပြည့်စုံ ဆုံး ဘဝကို ပြောင်းလဲ ပေးပြီး သွားပြီလို့ ယုံကြည်လိုက်ပါ။

အပြင်ပန်း ရုပ်ရည်တွေက အချိန် ကြောင့်ဖြစ်ဖြစ်၊ မတော်တဆ ထိခိုက်မှုကြောင့် ဖြစ်ဖြစ်၊ တဖြည်းဖြည်း ဒါမှမဟုတ် ရုတ်တရက်ကြီး ပြောင်းလဲ သွားတာ တွေ ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ ငါ့ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ကြည့်တဲ့ အခါမှာတော့ ချစ်သူဟာ အမြဲတမ်း အလှဆုံးနဲ့ အကောင်းဆုံးပါဘဲကွယ်။ နှိုင်းယှဉ်စရာ မရှိတဲ့ တကယ့် "အနှိုင်းမဲ့" ပါဘဲ။

ချစ်သူရဲ့ ဘဝမှာ ဘာတွေ ကြုံတွေ့ခဲ့ရတယ်။ ဘာတွေ ခံစားနေရတယ်၊ ဘာတွေအတွက် စိုးရိမ်ပူပန်နေရတယ် ဆိုတာကို ချစ်သူနဲ့ အမြဲတမ်း အတူရှိတဲ့ ငါက အစအဆုံး တစ်လုံးမကျန် သိနားလည်ပါတယ်။ ထပ်တူထပ်မျှ ခံစား ရပါတယ်။ ဒါ့ကြောင့် စိတ်ပျက်အားငယ် ကြောက်ရွံ့မှုတွေ ခံစားရ တိုင်းမှာ ငါ့ ဆီကို လာပါ၊ ရင်ဖွင့်ပါ၊ ငိုကြွေးပါ၊ ငါ အမြဲတမ်း ချစ်သူအတွက် ရှိနေပါတယ်။

ချစ်သူရေ ဘဝခရီးမိုင်တွေ အများကြီး လျှောက်လာခဲ့ပြီးပြီ၊ အကောင်း အဆိုး အနိမ့်အမြင့် မျိုးစုံလဲ ကြုံလာခဲ့ပြီးပြီ။ နောက်ထပ် ဆက်လျှောက်ရမဲ့ ခရီးမိုင်တွေလဲ အများကြီး ရှိသေးတယ်။ ဘဝခရီးတွေ လျှောက်လှမ်းရင်းနဲ့ မောပန်း နွမ်းနယ်လာတဲ့ အခါမှာ ငါ့ဆီမှာ လာပြီး ခိုနားလှဲ့ပါ။ ချစ်သူကို ခွန်အားတွေနဲ့ ပြန်ပြီး ပြည့်စုံစေမယ်။ စိတ်ပျက် အားငယ်မှုတွေ ခံစား ရတဲ့အခါမှာ ငါ့ရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ချစ်သူကို ပတ်စည်းလုံခြုံစေပါမယ်။ အေးချမ်း ငြိမ်သက်စေပါမယ်။

ငါ့ရဲ့ အချစ်ရဆုံးသော၊ တစ်ဦးတည်း ပြည့်စုံသော ချစ်သူ

**ထာဝရဘုရားကြောင့် ငါသည် အလွန်ဝမ်းမြောက်၏၊၊ ငါ၏ ဘုရားသခင်ကြောင့် ငါ့ဝိညာဉ်သည် ရွှင်လန်းမည်၊၊ ဟေရှာယ ၆၁း၁၀**

ချစ်တဲ့

**JESUS**

( **ဧကောင်းကင်** ခံစားရေးသားသည် )

## သူ

သင့် အပြစ် အတွက်
သူ့ အသက် မငဲ့ဘဲ
သစ်တိုင်ထက်
သက်တော် စွန့်ခဲ့တယ် ။

**မောင်လမင်း**

၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀



## အမေ့

* ရေမြေရပ်ခြား အဝေးမှာ နေလဲ
အမေ့ သောက ပြာယာခတ်လို့
ငါ့သား အတွက် တောင်းဆုတွေနဲ့
ပို့သ မေတ္တာ ထာဝစဉ် အမြဲတဲ့ ။

* အမေ့ရဲ့သား အပြစ်များကြောင့်
အများတကာ ကဲ့ရဲ့ ပြစ်တင် ရှုတ်ချ
စွန့်ပယ်ထားလဲ ထွေးပိုက် ပွေ့ဖက် ။

* အမေ့ မေတ္တာ လွှမ်းခြုံနွေးလို့
ငါ့သား အပြစ် ခွင့်လွှတ် ချစ်သည်
တုနှိုင်း ဘယ်အရာ ရှိနိုင်မည်နည်း ။

**မျှော်ဧကာ**

၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀

## မိခင်များနေ့ နှင့် ခေါ်တော်မူခြင်း ၁၄ နှစ်မြောက် "အမိုး" သို့ အမှတ်တရ စာစုများ

အမေ – အများ ပြောနေကျ စကားတစ်ခွန်းရှိတယ်။
သိပ်ပြီးတော့ မထူးခြားပေမဲ့ ၊
'မူး' သွားနိုင်တယ်၊ 'လူး' သွားနိုင်တယ်။
အခန့် မသင့်ရင် 'ရူး' သွားနိုင်တယ်။
အဲဒီ စကားတစ်ခွန်းဟာ ဘာလဲ သိလား။
"အချစ်"ပေါ့ အမေရယ်။

အမေ – ထိန်ထိန် သာ နေတဲ့ ဖိုးလမင်းကို မော့ကြည့်ရင်း ပါးပြင်ပေါ်က စီးကျလာတဲ့ အရာတွေဟာ မျက်ရည်တွေ ဖြစ်နိုင်သလို အမေ့ကို သတိရတဲ့ အမှတ်အသားလေးတွေလဲ ဖြစ်နိုင်သေးတာပေ့ါနော်။

အမေ – မျှော်လင့်ခြင်းဆိုတဲ့ စကားတစ်ခွန်းဟာ မျှော်လင့်ချက် ထားတတ်တဲ့ သူတွေအတွက် ဖန်တီးထားခဲ့မှန်း အမေနဲ့ကျမှ သား လေးလေးနက်နက် သိခဲ့ပါပြီ။

အမေ – သား စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်၊ စာတန်မာရ်နတ်က သူ့ကိုယ်စား ဒီလောကကြီးထဲကို မိန်းမတွေ စေလွှတ်ခဲ့တယ်ဆိုတဲ့ စကားကို သား မယုံပေမဲ့၊ လူတွေကို စောင့်ရှောက်ဖို့အတွက် ဘုရားသခင်ဟာ သူ့ကိုယ်စား မိခင်တွေ ချန်ထားပေးခဲ့တယ် ဆိုတဲ့ စကားကို သား လက်ခံ ပေးလို့ ရပါတယ်။

အမေ –

* အမေဟာ သားသမီးတွေ ငယ်ငယ်လေးတုန်းက " နို့ရည်စက်" တွေ ပေးခဲ့တယ်။

* စားစရာ မလောက်ငှလို့ ရှိရင် သားသမီးတွေကို ဦးစားပေးကျွေးပြီး အမေ ကိုယ်တိုင် ကတော့ "တံတွေးရည်စက်"တွေကို မြိုချပြီး အငတ်ခံ တင်းတိမ်ပေးခဲ့ကြတယ်။

* သားသမီးတွေ နည်းနည်းကြီးလာတော့ "ချွေးရည်စက်"တွေ ပေးခဲ့ပြန်တယ်။

* သားသမီးတွေ အရွယ်ရောက်လာတော့ ခေါင်းမာပြီး နားထူတဲ့ သားသမီး တွေအတွက် အမေဟာ "မျက်ရည်စက်" တွေ ထပ်ပြီးပေးရပြန်ပါတယ်။

* အသက်ဘေးနဲ့ ကြုံလာရင်လဲ သားသမီးတွေအတွက် အမေဟာ "သွေးရည်စက်"တွေကို ပေးဖို့ ဝန်မလေးဘူးဆိုတာ ကျွန်တော် ရဲရဲကြီး အာမခံရဲပါတယ်။

အမေ – အမေဟာ သားသမီးတွေ စားဖို့အတွက် ရှာပေးခဲ့တယ်၊ ပြီးတော့ ချက်ပြုတ် ပေးခဲ့တယ်။ ပြီးတော့ သားသမီးတွေ အဆင်သင့် စားနိုင်အောင် ကျွေးဇူးတော် ချီးမွမ်း ပေးခဲ့ပြန်ပါတယ်။

အမေ – လောကဒဏ်ရဲ့ ထိုးနှက်ချက် မှန်သမျှကို သားသမီးတွေရဲ့ အရှေ့က ရင်ဆိုင် ပေးခဲ့တဲ့ အမေ၊ အမေ မရှိတော့တဲ့နောက် တိုင်းတပါးမှာ နှဖူးက ချွေး၊ ခြေမ ထိ ကျအောင် အလုပ်လုပ်နေတဲ့ သားကို တွေ့ရင် အမေ ဘာများ ပြောအုံး မလဲ။ ( သား စဉ်းစားမိတာပါ )

အမေ – နိုင်ငံခြားသား အလုပ်ကြမ်းသမား ( **G.W** ) ဆိုပြီး အထင်သေး အမြင်သေး အပြောခံရတဲ့အခါတိုင်း သား လှည့်မကြည့်ဖြစ်အောင် အမေ့ဆီက နို့ချ တတ်တဲ့ စိတ်ကလေး သားကို ပေးပါလား အမေရယ်။

အမေ " ပြီးပါပြီ " ဆိုတဲ့ ဇာတ်လမ်းတစ်ပုဒ်ရဲ့ အနောက်မှာ ဘာမှ မရှိကြဘူးလို့ ထင်ကြပေမဲ့ မိခင်များနေ့ ရောက်တိုင်း သား သတိရနေဆဲပါ။ အမေ့ရဲ့ ကြီးမားတဲ့ မေတ္တာကို တွေးမိတိုင်း သား မျက်ရည်ဝဲ နေဆဲပါ အမေရယ်။။။

**( SAW A. THAW )**

ooooooooooooooooooooooooooooooooooooooooooooooo

## ဝေးသွားမှာစိုးကြောက်တယ်

ကျွန်မ ကတော့ ဘာသာကွဲ မိဘနှစ်ပါးက ပေါက်ဖွားလာတဲ့ သမီးလေးပါ။ မေမေ့အမျိုးတွေဘက် သွားလည်ရင် ဘာသာခြားသူလေး တစ်ယောက်လို ဆက်ဆံကြပါတယ်။ ဖေဖေ့ အမျိုးတွေဘက် သွားလဲ ဒီလိုဘဲပေါ့။ ဒီတော့ မိဘနှစ်ပါးဟာ ဘာ့ကြောင့် ဒီလိုဖြစ်နေရတာလဲလို့ တွေးမိရင်း စိတ်ညစ်မိတယ်။ နှစ်မျိုးစလုံးကလဲ ကောင်းတာချည်း ဟောပြောကြတော့ ကျွန်မလည်း နှစ်ဘက် အမျိုးတွေနဲ့ အဆင်ပြေအောင်နေခဲ့ရပါတယ်။ ဒါပေမဲ့ မေမေကတော့ ဖေဖေ့အကြိုက် လိုက်ပြီး ငယ်စဉ်ကတည်းက ကျွန်မကို ခရစ်ယာန် ဘာသာထဲ သွင်းပေးခဲ့ပါတယ်။



ကျွန်မ အရွယ်ရောက်လာတော့ ဘုန်းကြီးကျောင်းလဲ လိုက်သွား သလို ဘုရားရှိခိုးကျောင်းလည်း တက်ခဲ့ပါတယ်။ အဲဒီတော့လဲ ဘာသာ နှစ်မျိုး စလုံးကို လေ့လာခွင့် သိခွင့် ရခဲ့ပါတယ်။ တစ်ဘာသာတည်းကို မိမိရရ သိနေတဲ့ သူထက် မသာ ရင်တောင် ကိုယ့်ဘာသာတရားရဲ့ အနက် အဓိပ္ပါယ်ကို ဂဃ နဏ မသိသူတွေ ထက်တော့ သာမယ် ထင်ပါတယ်။ တစ်ချို့ ကလည်း ကျွန်မကို သခင် နှစ်ဦးရဲ့ အစေကို မခံရဘူးလို့ ပြောပါတယ်။ အဲဒီအခါကျရင်လည်း ကျွန်မ က "သခင်နှစ်ဦး စလုံးက ကောင်းတာ တစ်ခု တည်းကိုပဲ ညွှန်ပြခဲ့လို့ ကျွန်မ လိုက်လုပ်ခဲ့မိလျှင် ကျွန်မဟာ သခင် တစ်ဦးတည်းရဲ့ အစေကို ခံသလိုမျိုး ဖြစ်နေတာပေါ့"လို့ ဖြေခဲ့မိတယ်။

မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာ ထွန်းကားတဲ့ နိုင်ငံဖြစ်နေလို့ ကျွန်မ အများနဲ့ လိုက်လျော ညီထွေ နေခဲ့ပါတယ်။ ငယ်စဉ်က ကျွန်မရဲ့ ဆရာသမားများက ဗုဒ္ဓဘာသာဝင် စာမေးပွဲတွေကို ဝင်ဖြေခိုင်းရင် ကျွန်မရဲ့ မိခင်ဟာ ဗုဒ္ဓဘာသာဝင် ဖြစ်နေလို့ ဝင်ဖြေခဲ့ပါတယ်။ အဲဒီလို စာမေးပွဲ ဝင်ဖြေလိုက်လို့ ခရစ်ယာန် ဘာသာကို ကျွန်မက စွန့်လွှတ်လိုက်တာ မဟုတ်ပါဘူး။ ဘုရားကျောင်းတက်ပြီး သခင်ယေရှုရဲ့ နာမတော်ကို ခိုလှုံလိုက်ရရင် ခွန်အားတွေ ရှိလာတယ်လို့ ယုံကြည်နေမိပါတယ်။ မေမေ့ ဆွေမျိုးတွေကလည်း ကျွန်မကို နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောပြီး ဆွဲဆောင်ကြပါတယ်။ ဖေဖေ့ဆွေမျိုး များကလည်း ကောင်းကင် နိုင်ငံတော် အကြောင်း ပြောပြပြီး ဆွဲဆောင် ကြပြန်ပါတယ်။ မေမေ့ဘက် လိုက် သွားရင်လည်း ဖေဖေ အားငယ်မှာကို စိုးရိမ် သလို။ ဖေဖေ့ဘက် လိုက်သွားရင်လည်း မေမေ မျက်နှာငယ် မှာကို ကျွန်မ မလို လားခဲ့ပါဘူး။

ဒီလို တွေဝေ နေတဲ့ ကျွန်မကို တစ်နေ့မှာ ပြတ်သားဖို့အတွက် ဆုံးဖြတ်ချက် တစ်ခု ဘုရားသခင်က ပေးခဲ့ပါတယ်။

မိဘနှစ်ပါး ဆုံးပါးသွားပြီး နောက်ပိုင်းမှာ ကျွန်မဟာ ဘုရားစင်လေး ရှေ့မှာ ဘုရားရှိခိုးရင်း တစ်ယောက်ထဲ ငိုနေမိပါတယ်။ အဲဒီအခါမှာ ကျွန်မရဲ့ ပုခုံးကို တစ်ယောက်ယောက်က ပုတ်လိုက်သလို ခံစားလိုက်ရပါတယ်။ နောက် ပြီး ကျွန်မ နားထဲမှာလည်း "ဘယ်တော့မှ မသေတဲ့ ငါ ရှိနေတာဘဲ" ဆိုတဲ့ အားပေး စကားသံကို ကြားမိလိုက်တယ်။ ကျွန်မ စိတ်ထဲမှာ ကြက်သီး ထသွားပြီး ချက်ချင်းဘဲ အားငယ်စိတ်တွေ လွင့်ပျောက်သွားခဲ့ပါတယ်။ "အမြဲ ရှိနေနိုင် တာ ထာဝရဘုရား ဘဲ" ကျွန်မကို ခွန်အားပေးနေတဲ့ ထာဝရဘုရား ကျွန်မကို ပစ်သွားမှာ စိုးရွံ့မိတယ်။ အဲဒီအခါမှာ ကျွန်မကို သတိပေးလိုက်သလို ခံစား လိုက်ရပြန်ပါတယ်။ ခရစ်တော်ဘုရားကို စိတ်နှလုံးထဲမှာ အကြွင်းမဲ့ လက် ခံပြီးတဲ့ နောက်မှာတော့ သူနဲ့ ကျွန်မ မဝေး နိုင်တော့ပါ။ ဒါကြောင့် "ထာဝရ အသက်ရှင်နေမည့် ထာဝရဘုရား နှင့်သာ မဝေးဖို့ အဓိက" လို့ ကျွန်မ ဘုရား စင်ရှေ့မှာ ရေးလိုက်မိပါတယ်။

**ဆာလံ ၂၇း၁၀ "ကိုယ်မိဘတို့သည် အကျွန်ုပ်ကို စွန့်သော်လည်း၊ ထာဝရဘုရား သည် အကျွန်ုပ်ကို ချီယူတော်မူမည်။"**

လူသားမှန်သမျှ သေကြရမှာ ဖြစ်ပါတယ်။ သူတော်ကောင်းတို့ ဟောကြား ခဲ့တဲ့ တရားတွေကတော့ ပြန့်ပွားပြီး ကျန်နေမှာဖြစ်သလို ထို သူတော်ကောင်း တို့ရဲ့ တရားတွေကို တစ်ဆင့်စကား တစ်ဆင့်နား ကြားပြီး ဘာသာတရားတိုင်းဟာ အကောင်းဆုံး ကြိုးစားကျင့်ကြံ နေကြပါတယ်။ ထို သူတော်ကောင်း လူသား များကိုလည်း အရင်းအမြစ်ခံ စစ်ဆေးကြည့်ရင် ထိုတရားများက ညွှန်ပြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ဟာ ကမ္ဘာဦးအစမှ ကမ္ဘာလောက အားလုံးကို ဖန်ဆင်း တော်မူသော ထာဝရဘုရားသာ ဖြစ်တယ်လို့ ဆုံးဖြတ်ချက် ပေးခဲ့ကြပါတယ်။

ထာဝရဘုရားသာ မရှိလျှင် ကမ္ဘာလောက ကြီးလဲ မရှိနိုင်။ တရားလဲ မရှိနိုင်ခဲ့ပါ။ ထို တရားများကို လူသားတိုင်းကို ညွှန်ပြခဲ့ပါတယ်။ ကျွန်မ ရဲ့ မိတ်ဆွေ တစ်ချို့ က ထာဝရဘုရားကို မြင်ဘူး လို့လား၊ မမြင်ဘူးဘဲ ဘယ်လို ယုံကြည်လဲလို့ မေးကြပါတယ်။ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်မ ကတော့ မြင်နိုင်ခွင့် မရှိတဲ့ ( ညစ်ညူး သော အပြစ်သားများ အနေနှင့် သန့်ရှင်းသော ဘုရား ကို ဖူးမြင်နိုင်ရန် မထိုက်တန်၍ ခက်ခဲသည်) ထာဝရဘုရား ကိုလဲ ယုံကြည် အားကိုး ပါတယ်။

ကျွန်မ သိချင်တဲ့ တရားတော်နဲ့ ပတ်သက်တဲ့ အကြောင်းအရာများကို အဖဘုရား ရှင်းပြလေ့ရှိပါတယ်။ ကျွန်မ ကို လဲ သွယ်ဝိုက် တဲ့ နည်းနဲ့ သွန်သင်ပါတယ်။ ထိုကဲ့သို့ အလင်း၊ ကျေးဇူးတော်သာမက ခွန်အား ကျေး ဇူး၊ မေတ္တာတရား ကျေးဇူးများ စသည်ဖြင့် ကျေးဇူးတော် များစွာကို ပေးခဲ့တဲ့အတွက် အဖဘုရားသာ အနားမှာရှိနေပါလျှင် ကျွန်မ ဘယ်အရာ ကို မဆို ရင်ဆိုင်ဝံ့ လာပါတယ်။

ဒါ့ကြောင့် ရုပ်ပုံတော်ကို မမြင်ရပေမဲ့လည်း ထာဝရ ဘုရားသည် လူသားအားလုံးရဲ့ တစ်ဆူတည်းသောဘုရား လို့ စိတ်ချပြီး ယုံကြည်အားကိုး ခဲ့ပါတယ်။ အဖ ဘုရားက ကျေးဇူးတော်များ ပေးသလို ကျွန်မ ကလည်း ပြန်လည် ပေးဆပ်တတ်ဖို့ လိုပါတယ်။ ဒီလို ခိုင်မာတဲ့ ယုံကြည်ခြင်း ရရှိဖို့အတွက် ကျွန်မ ဟာ ဘာသာ ကွဲ မိဘနှစ်ပါးမှ မွေးဖွား လာသော သမီးလေး ဖြစ်ခဲ့ရတာကို အခု အချိန်မှာ နားလည်ခဲ့ပါပြီ။ ထာဝရ ဘုရားကို သိကျွမ်းခွင့်ပေးတဲ့ ကိုယ်တော်ကိုလဲ ကျေးဇူးတင်ပါတယ်။

နောင်ခါများမှ – – အဖဘုရားရဲ့ ထူးခြားတဲ့ ကျေးဇူးတော်များကို သက်သေခံပါအုံးမယ်။ ဤဆောင်းပါးလေး ဖြစ်မြောက်အောင် ဝိုင်းဝန်း ကူညီကြသူ အပေါင်း အား ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာ သက်ရောက်ပါစေသော် ...။

**ရေကြည်** ( **ခေတ္တ စင်ကာပူ** )

## တစ်ဦးတည်းသော အမေ



လောကကြီးမှာ ဘယ်မိန်းကလေးကမှ ဖခင်မဲ့၊ လင်ကောင် မပေါ်တဲ့ ကလေးများကို မမွေးချင်ကြပါဘူး။ အိမ်ထောင်ပြုပြီး ကြရင်လဲ တစ်နေ့ ငါတို့ ကွဲကြမှာဘဲလို့ တွေးထင်မထားကြပါဘူး။ ဖခင်မဲ့တဲ့ ကလေး တစ်ယောက် မွေးရလိမ့်မယ် လို့လဲ မထင်ခဲ့ကြပါဘူး။

ဒါပေမဲ့ လောကကြီးမှာ သိက္ခာတရားဟာ စက္ကူပါးပါး တစ်ချပ်လိုမျိုး ထိလိုက် တာနဲ့ ကြေမွသွားတတ်တာကြောင့် မဖြစ်သင့်တာတွေ ဖြစ်သွားတတ်ကြ ပါတယ်။ ဒီလို အဖေ မရှိ၊ လင်ယောက်ျား မရှိဘဲ ကလေး တစ်ယောက်ကို မွေးပြီး ပတ်ဝန်းကျင်ကို ရင်ဆိုင်ဖို့အင်အားဟာ အားနွဲ့တဲ့ မိန်းမသား တွေမှာ မရှိကြ ပါဘူး။ လောကကြီး ကလဲ မြေနိမ့်ရာ လှံစိုက် တတ်ပါတယ်။ ပန်ဝန်းကျင်ကလဲ ကဲ့ရဲ့တတ်ပါတယ်။

ဒါပေမဲ့လဲ လောကဓံရဲ့ ဒဏ်ကို ကြံ့ကြံ့ခံပြီး ရဲရဲဝံ့ဝံ့ရင်ဆိုင်ရဲတဲ့ ဘဝနှလုံးသားပိုင်ရှင် မိန်းမများရှိကြပါတယ်။ အများကတော့ **Single Mother** လို့ခေါ်တတ်ကြပါတယ်။ ဖြစ်လာခဲ့ရတဲ့ ဘဝပေး အခြေအနေကို ရှောင်မပြေး ကြပါဘူး။ ကိုးလလွယ် ဆယ်လဖွားလာတဲ့ မိမိရင်သွေးကို အဖော် မပါ တစ်ကိုယ်တည်း စောင့်ရှောက်ခဲ့ကြပါတယ်။ သတ္တိရှိသော မိန်းမများ ဖြစ်ပါတယ်။ တစ်ချို့ကတော့ လင်ယောက်ျားရှိလျက်နဲ့ အပြစ်မဲ့တဲ့ ကလေးငယ် ကို ဝမ်းဗိုက်ထဲမှာ ကတည်းက သတ်လိုက်ကြပါတယ်။ ရက်စက်သော၊ နှလုံးသား မရှိသော မိန်းမများ ဖြစ်ပါတယ်။

**Single Mother** တွေဟာ အတွေးအခေါ် ပိုထက်မြက်ပြီး ကလေး အပေါ်မှာ ယုယကြင်နာစိတ် ပိုရှိကြပါတယ်။ မိဘ၊ ပတ်ဝန်းကျင်က ဘာဘဲ ပြောပြော အရှက်တရားကို မိမိရင်သွေးနဲ့ မလဲဘဲ သူတပါး တံတွေးခွက် မှာ ပက်လက်မျောရဲ ခဲ့ကြပါတယ်။ အကြောင်းကြောင်းကြောင့် ယောက်ျားတွေ ရဲ့ စွန့်ပယ်။ စွန့်ပစ်၊ တာဝန်မယူမှုကို ခံခဲ့ကြရပေမဲ့ သူတို့ရဲ့ နှလုံးသားဟာ စိတ်ပျက်သွားခြင်း မရှိဘဲ သူတို့ရဲ့ ရင်သွေးတွေကို လောကကြီးထဲ ရောက်လာ အောင် စွမ်းဆောင်နိုင်တဲ့ အမျိုးသမီး စွမ်းဆောင်ရှင်များ ဖြစ်ကြပါတယ်။

ဒီလို ရေးလိုက်လို့ **Single Mother** ဖြစ်ဖို့ အားပေးတာ မဟုတ် ပါဘူး။ ဖြစ်ချင်တာနဲ့ ဖြစ်လာတာနဲ့ တစ်ထပ်တည်းသာ ကျမယ်ဆိုရင် လောကကြီးမှာ ဒီလိုအဖြစ်မျိုး ရှိလာမှာတောင် မဟုတ်ပါဘူး။ ဒါပေမဲ့ လောကကြီးမှာ ဖြစ်ချင်တာ မဖြစ်ရတဲ့ အခြေအနေမှာ ဖြစ်လာခဲ့ရတဲ့ အပေါ် အကောင်းဆုံး အသက်ရှင်သွားတဲ့ သူတို့တွေရဲ့ ဘဝကို စာနာဖို့ပါဘဲ။

ကဲ့ရဲ့ ပြစ်တင် ကြမဲ့အစား ကြင်နာ သနားကြပါ။ ဝေဖန် အတင်းအဖျင်း ပြောကြမဲ့ အစား အကြံဉာဏ် ပေးကြပါ။ သူတို့တွေရဲ့ ဘဝကို မြင့်တင်ဖို့ ကြိုးစားပေးကြပါ။ မိဘမဲ့ ကလေးတွေ မဖြစ်ဖို့ **Single Mother** တွေက စွမ်းဆောင်နေကြပါတယ်။ တွယ်ရာမဲ့ မိဘမဲ့ ကလေး ဖြစ်မဲ့အစား မိခင် တစ်ဦး တည်းရှိတဲ့ ကလေးက ပိုမြတ်ပါတယ် ။ ။

**Something is better than nothing.**

**Single** မိခင်များ ဘဝကို ဝိုင်းဝန်း ကူညီစာနာ ကြပါ။

**Single** မိခင်များကို ဘုရားသခင် ကောင်းကြီး ပေးပါစေ။

(ဘဝ အလှပိုင်ရှင် **Single** မိခင်များကို မိခင်များနေ့မှာ ဒီဆောင်းပါးလေးနဲ့ ဂုဏ်ပြုလိုက်ပါတယ် ) ။ ။

**မလေး ( ဂျူလိုင် )**

**ဘွားမြင်သော သားသမီးတို့သည် ထာဝရဘုရား ရေးချ၍ ပေးသနားတော်မူသော အမွေဥစ္စာဖြစ်ကြ၏။ ဆာလံ ၁၂၇း၃**

oooooooooooooooooooooooooooooooooooooooooooooooooo

## ဘွဲ့ယူသော ကားသစ်

ဘီလ် သည် အလွန် ထင်ပေါ်ကျော်ကြားပြီး ချမ်းသာကြွယ်ဝသည့် အိမ်ထောင်မှ မွေးဖွားလာသော သားတစ်ယောက် ဖြစ်သည်။ ဇန္နဝါရီလတွင် ဘွဲ့ယူတော့မည့် သူလဲဖြစ်သည်။ ထို့ကြောင့် ဖခင်ဖြစ်သူအား “အဖေ ကျွန်တော် ဘွဲ့ယူမဲ့နေ့မှာ စီးဖို့ ကားအသစ်တစ်စီး ဝယ်ပေးပါနော်” ဟု ဖခင်အား ပူဆာလေ၏။ အဖေသည် ခေတ္တမျှ စဉ်းစားပြီး “သား လိုချင်၊ စီးချင် တဲ့ ကား အသစ် တစ်စီးကို အဖေ ဝယ်ပေးပါ့မယ်၊ ဒါပေမဲ့ အဖေ ခိုင်းတဲ့ အလုပ် သုံးခုကို လုပ်ပေးရမယ် အဲဒီ သုံးခုကတော့ ...

၁) သားရဲ့ပညာရေးမှာ အဆင့်မြင့်လာရမယ်။

၂) ကျမ်းစာကို နေ့တိုင်း ဖတ်ရမယ်။

၃) သားရဲ့ဆံပင်ရှည်တွေကို ညှပ်ပစ်ရမယ်။ ဒါဘဲနော်။ ဒီသုံးမျိုးကို သားလုပ်ခဲ့ရင် ဘွဲ့ယူမဲ့နေ့မှာ သားလိုချင်တဲ့ ကားတစ်စီးကို အဖေ ဝယ်ပေးမယ်။ ကြားလား”

မေလ ရောက်လာသော်လဲ သူလိုချင်သော ကားတစ်စီးမှ မရသေး ပါ။ ထို့ကြောင့် “အဖေ သား ဘာလုပ်ရမလဲ။ ကျွန်တော် ဘွဲ့ယူဖို့ ကားတစ်စီး ဝယ်ပေးရမယ်လေ။ အဖေ မေ့နေပြီလား” ဟုသတိ ပေးလိုက်ပါသည်။ အဖေက “သား အတန်းထဲမှာ အဆင့် ‘စီ’ ကနေ ‘အေ’ ကို ရောက်လာတဲ့ အတွက် သိပ်တော်လာပါတယ်။ မနက်စောစော ကျောင်းမသွားခင် ကျမ်းစာ ဖတ်ဖို့ မမေ့ပါနဲ့၊ သားရဲ့ ဆံပင်ရှည်တွေ အခုထိ မညှပ်သေးပါလား” လို့ ပြန်ပြော လိုက်ပါတယ်။



သားက “အဖေ သား ‘ယေရှုသက်တော်စဉ်’ နဲ့ ‘ပညတ်တော်ဆယ်ပါး’ ရုပ်ရှင် ကြည့်တုံးက ဇာတ်လမ်းထဲမှာ မောရှေက ဆံပင်ရှည် ထားသလို သခင်ယေရှုလဲ ဆံပင် အရှည်ကြီး ထားတယ်။ သားလဲ သူတို့ကို အတုယူပြီး ဆံပင် အရှည်ထားချင်လို့ မညှပ် ဖြစ်သေးတာပါ အဖေ” လို့ ပြန်ပြောလိုက်ပါတယ်။ အဲဒီအခါမှာ အဖေက “သား မောရှေနဲ့ သခင်ယေရှုဟာ ခမည်းတော်ဘုရားသခင် စေခိုင်းတာကို နာခံပြီး လိုက် လျှောက် အသက်ရှင်တယ်။ သားလဲ သားရဲ့ အဖေ ဖြစ်တဲ့ ငါ့စကားကို နားထောင် လိုက်လျှောက် ဖို့ ဆံပင်ညှပ်ပါ” လို့ ပြန်ပြောလိုက်တယ်။

ဘွဲ့ယူမည့်နေ့တွင် ဘီလ်သည် သူ၏ ဖခင်ထံမှ လှပသော စက္ကူဖြင့် သေသေသပ်သပ် ထုတ်ထားသာ ကျမ်းစာအုပ် တစ်အုပ်ကို လက်ခံရရှိလေသည်။ ဘီလ်သည် ကားအသစ် အစား ကျမ်းစာအုပ်သာရရှိ သောကြောင့် ဖခင်ဖြစ်သူကို အလွန် စိတ်ဆိုးသွားလေသည်။ ထိုကျမ်းစာအုပ်ကို သူ၏ အခန်းတွင်း လွှင့်ပစ်ထားခဲ့ပြီး အိမ်မှ အဝေးသို့ ထွက်ခွာ သွားလေတော့သည်။

နှစ်အတော်ကြာ၍ သူ့ဖခင် ကွယ်လွန်သောနေ့တွင် ဘီလ် အိမ်သို့ ပြန်ရောက် လာ ခဲ့ပါသည်။ ဖခင် ဈာပန အခမ်းအနား ပြီးနောက် တစ်ညနေတွင် လွန်ခဲ့သော နေ့များမှ ဖခင်ဖြစ်သူနှင့် အချီအချ စကားများခဲ့ခြင်းများကို ပြန်လည်တွေးတော နေမိခဲ့သည်။ ဖခင် ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို သူ့အား အမွေ လွှဲပေးခဲ့ပုံ၊ သူ့ဖခင်က သူ ဘွဲ့ယူသောနေ့တွင် ကျမ်းစာအုပ် တစ်အုပ် လက်ဆောင်ပေးခဲ့ပုံ၊ သူစိတ်ဆိုး၍ ကျမ်းစာအုပ်ကို လွှင့်ပစ်ပြီး အဝေးသို့ ထွက်သွားပုံ များကို ပြန်လည် မြင်ယောင်မိသည်။ ထို့နောက် ဖခင် မေတ္တာကို ဆင်ခြင်မိပြီး သူလွှင့်ပစ်ခဲ့သော ကျမ်းစာအုပ်ကို သူ့ အခန်းတွင် လိုက်လံရှာဖွေမိသည်။ တွေ့လျှင် ကျမ်းစာအုပ်တွင် ပေနေသော ဖုံများ ကို သုတ်သင် ဖယ်ရှင်းလိုက်ပြီး ကျမ်းစာအုပ်ကို ဖွင့်လိုက်ရာ ထိုကျမ်းစာအုပ်တွင် သူ့ဖခင်က သူဘွဲ့ယူသည့် နေ့စွဲဖြင့် ရေးသားထားပေးခဲ့သော ချက်လက်မှတ် တစ်စောင်အား တွေ့လိုက်ရသည်၊ ထို ချက်လက်မှတ်တွင်

ရေးသားထားသော ငွေပမာဏမှာ သူလိုချင်နေသော ကား၏ တန်ဖိုးနှင့် ညီမျှနေကြောင်း တွေ့လိုက် ရလေသည်။ သူ၏ မျက်ဝန်းမှ နောင်တ မျက်ရည်များ စီးကျလာသော်လည်း ကျေးဇူးတင် စကားနှင့် တောင်းပန်စကား ဆိုရန် ဖခင်သည် သူ့အနားတွင် ရှိ မနေတော့ပြီ။

ထိုကြောင့် ဖခင်၏စကားနှင့် နှုတ်ကပါတ်တော်ကို လေးစား လိုက်နာ စေကြရန် ရေးသားလိုက်ရပါတော့သည်။ ။

**မိဟာသ်ာ ( အင်းစိန် မွန်နှစ်ခြင်းအသင်းတော်)**

ဝန်ခံချက်။ ။ **Christian Soul** မှ **Graduation car** ကိုဆီလျော်အောင် မြန်မာဘာသာပြန်ဆိုပါသည်။

ooooooooooooooooooooooooooooooooooooooooooooooo

## အဖေပြောသောစကားသုံးခွန်း

ကျွန်မ၏ အဖေသည် ဦးနှောက် ကင်ဆာရောဂါကြောင့် ဆေးရုံတွင် သုံးလကြာ တက်ရောက် ကုသမှု ခံယူနေရပါသည်။ သူသည် အသက် ၇၆ နှစ် ရှိပြီ ဖြစ်၍ အလွန် အားနည်းနေပါသည်။ ကုသချိန် ၂ လအကြာ တွင် သက်သာသလို ဖြစ်လာသောကြောင့် ဆေးရုံမှ ဆင်းရမလို ဖြစ်ခဲ့သော်လဲ မသက်သာသောကြောင့် သေဆုံးမည့် အချိန်ကို ဆေးရုံတွင် စောင့်နေခဲ့ရပါသည်။ အမေသည် တစ်နေ့လုံး ဆေးရုံတွင် အဖေ့အား စောင့်နေရပြီး ညနေမှ အိမ်ပြန်လာလေ့ရှိပါသည်။ အမေမှာ အသက် ၅၂နှစ်ရှိပြီ ဖြစ်သော်လည်း ကျွန်မ၏ ဖခင်အား နေ့စဉ် ရက်ဆက် ပြုစုစောင့်ရှောက်ခဲ့ပါသည်။

အစ်ကို အစ်မနှင့် ကျွန်မတို့သည် အဖေ့အား အလှည့်ကျပြုစုစောင့်ရှောက် ခဲ့ရပါသည်။ အဖေ နာကျင်စွာ ခံစားနေရသည်ကို မြင်ရ၍ ကျွန်မ မျက်ရည် ကျမိသော်လည်း အဖေ မြင်မှာ စိုး၍ ကျမည့် မျက်ရည်ကို ထိန်းထားခဲ့ရပါသည်။ အဖေနှင့် ကျွန်မတို့ မိသားစု အသီးသီး ဝမ်းနည်းနေကြ သော်လည်း မည်သို့မျှ မတတ်နိုင်ခဲ့ကြပါ။ ကျွန်မ အလုပ်အားရက် စနေနေ့နှင့် တနင်္ဂနွေနေ့ များတွင် အဖေ့အား စောင့်ခဲ့ရသည့်အတွက် ငယ်စဉ်က ကြုံ တွေ့ခဲ့ရ သော ဝမ်းမြောက်ဘွယ် သတင်းစကားများနှင့် အတွေ့အကြုံများကို အဖေ ဝေဒနာ သက်သာစေရန် စကား များများ ပြောခဲ့ပါသည်၊ သို့သော် အဖေ နားထောင် နိုင်သော်လည်း ကျွန်မကို တစ်လုံး တစ်ပါဒမှ ပြန်မပြောနိုင်ခဲ့ပါ။



သို့သော်လည်း ကျွန်မ ပြန်သည့်အခါတိုင်း စကားသုံးခွန်းကို အားယူ၍ ပြောခဲ့ပါသည်။

၁) ကောင်းသော ည ဖြစ်ပါစေ။
၂) အိမ်မက်လှလှ မက်ပါစေ။
၃) မင်းကို ငါချစ်တယ်။ ဟူသော စကားသုံးခွန်း ဖြစ်ပါသည်။

ကျွန်မ၊ အစ်ကိုနှင့် အစ်မတို့ပြန်တိုင်းလဲ ထိုစကားသုံးခွန်းကို အဖေသည် သူတို့အား ပြောခဲ့ပြန်ပါသည်။ ကျွန်မ ငယ်စဉ်မှစ၍ ယခုကြီး လာသည့်တိုင် တစ်အိမ်သား လုံးအား အဖေသည် ဤစကားသုံးခွန်းဖြင့် အိပ်ယာ မဝင်မီ နှုတ်ဆက်လေ့ရှိပါသည်။

တစ်နေ့တွင် ကျွန်မသည် ဆေးရုံ ပြူတင်းပေါက်တွင် ထိုင်ရင်း စဉ်းစား နေမိသည်မှာ အဖေနှင့် ကျွန်မတို့ ပျော်ရွှင်စွာ နေထိုင်ခဲ့ပုံ၊ အဖေသည် ကျွန်မအား အခြားသူများကို ချစ်သည်ထက် သာ၍ ချစ်ပုံ၊ ဇနီးနှင့် သားသမီးများကို အလိုလိုက်ပုံ၊ ဆေး ကုသနေချိန်တွင် အဖေနှင့် ကျွန်မ တမလွန်ဘဝအကြောင်း အကျေအလည် ဆွေးနွေးခဲ့ပုံများကို ပြန်လည် မြင်ယောင်မိပြီး မျက်ရည် မဆည်နိုင်အောင် ငိုကြွေးနေခဲ့မိပါသည်။

ထိုအချိန်တွင် အဖေက "မငိုပါနဲ့ သမီးရယ်၊ အဖေ မငိုပါဘူး၊ အဖေ အေးအေး ဆေးဆေး လောကကြီး ထဲက ထွက်ခွာသွားနိုင်ဖို့ သားတို့ သမီးတို့ ခွင့်ပြု သင့်ပါပြီ" ဟုပြောခဲ့ပါသည်။ ကျွန်မက "သမီးတို့ အဖေ့ကို ခွင့်မပြုနိုင်တာက အဖေဟာ သားတို့ သမီးတို့ ကို မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ခဲ့တဲ့အတွက် သားတို့သမီးတို့ အားလုံးက အဖေ့ ကို နှမြောလို့ ခွင့်မပြုနိုင်တာ ဖြစ်ပါတယ်" ဟုပြောသောအခါ အဖေက ပြုံး၍ သူ မိသားစုကို မည်သို့ကျွေးမွေးခဲ့ပုံ၊ သားသမီးများကို မည်သို့ အလို လိုက်ခဲ့ပုံများကို ရယ်မော၍ သော်လည်ကောင်း ငိုကြွေး၍ သော်လည်းကောင်း ပြန်ပြောခဲ့ပါသည်။ အဖေက ကျွန်မတို့ကို ပစ်၍ မသွားလိုသော်လည်း သေရမှာ မကြောက်ပါ၊ အဖေ့ကို ချစ်ရင် အိမ်ထောင်မှာ အတူတကွ စုရုံး၍ မေတ္တာထားကြပါ၊ ကောင်းသော ည ဖြစ်ပါစေ၊ အိမ်မက် လှလှ မက်ပါစေ၊ မင်းတို့ အားလုံးကို ငါချစ်တယ်" ဟုပြောပြီး မျက်စိမှိတ်၍ အိပ်ပျော်သွားပါသည်။

တတိယလ ကုန်ခါနီးတွင် အဖေသည် ဆေးရုံ၏ မျက်နှာကျက် ကိုသာ စိုက်ကြည့် နေပြီး မည်သူ့ကိုမျှ မှတ်မိပုံ မပေါ်တော့ပါ၊ သူနာပြုများနှင့် ဆရာဝန်များကလဲ အဖေ့ကို အကောင်းဆုံး ပြုစုခဲ့ကြပါသည်။ အိပ်ယာ အနာများကို ဆေးထည့် ပေးကြသော်လည်း အဖေသည် နာကျင်သည့် အမူအယာကိုပင် မပြတော့ပါ။ ကျွန်မလည်း မျက်ရည် မဆည်နိုင်လောက်အောင် ငိုကြွေးနေမိပါ တော့သည်။ စိုးရိမ်မှု၊ ပူဆွေးမှုများ ခံစားနေရသော်လည်း ကျွန်မ ငိုကြွေးနေ ခြင်းကို အဖေ့အား မမြင်တွေ့စေခဲ့ပါ။ ကျွန်မလည်း ဆေးရုံမှ ထွက်ခွာလာ၍ အဖေပြောခဲ့သော စကားများကို မှတ်သားလာခဲ့ပါသည်။ အဖေ့ စကားများ သည် အားဆေး တစ်ခွက်ပမာ ကျွန်မ အတွက် ခွန်အား ဖြစ်ခဲ့ပါသည်။ ထိုည တွင်ပင် အဖေသည် အိပ်ပျော် ၍ ညင်သာစွာ ဘုန်းတော်ဝင်စားသွားခဲ့ပါသည်။

နံနက် ဖနာရီတွင် ဆရာဝန်က ကျွန်မအား ဆေးရုံသို့ အမြန်လာရန် ခေါ် သဖြင့် နာရီဝက်အတွင်း ကျွန်မ ဆေးရုံသို့ အရောက်သွားခဲ့ပါသည်။ သို့သော် အဖေသည် ခရစ်တော်၌ အိပ်ပျော်သွားပါသည်၊ ကျွန်မတို့လည်း အိမ်ပြန်၍ အကြီးအကျယ် ငိုကြပါသည်။ အပြင်ဘက်တွင် လေတိုက်သံ မိုးချုန်းသံကိုပင် မကြားရပါ၊ သို့သော် အဖေ စိုက်ထားသော သစ်ပင်ကို မိုးကြိုး ပစ်ကြောင်း သိလိုက်ရပါသည်၊ ကျွန်မသည် မိုးကြိုးထိခဲ့သော သစ်ပင်ကို ကြည့်၍ အဖေနှင့် စကားပြောခဲ့ပုံ၊ အဖေ မှာကြားခဲ့ပုံများကို သတိရ၍ အဖေ ပြောခဲ့သော စကားသုံးခွန်း ဖြစ်သည့် ကောင်းသောည ဖြစ်ပါစေ၊ အိမ်မက် လှလှ မက်ပါစေ၊ မင်းကို ငါ ချစ်တယ်၊ ဟူသောစကားများကို အေးဆေးစွာ ရေရွတ်ရင်း အဖေ့ကို နှုတ်ဆက် လိုက်ပါတော့သည်။ ။

အဓိပ္ပါယ် ဖွင့်ဆိုချက်။

၁) ကောင်းသော ည ဖြစ်ပါစေ – ခက်ခဲမှောင်မိုက် ဆိုးယုတ်သော ခေတ် ကာလကြီးထဲတွင် သန့်ရှင်းသော အသက်တာဖြင့် ကောင်းမွန် သာယာသော ဘဝဖြင့် အသက်ရှင် နေထိုင်နိုင် ပါစေ။

၂) အိပ်မက် လှလှ မက်ပါစေ – အနာဂါတ် စိတ်ကူးနှင့် ရည်ရွယ်ချက်များလဲ လှပပြည့်စုံ အောင်မြင်နိုင်ပါစေ။

၃) မင်းကို ငါ ချစ်တယ် – ဘုရားသခင် မင်းကို အမြဲချစ်ပြီး စောင့်ထိန်း နေပါ တယ်။

**မိဟာသ်ာ (အင်းစိန် မွန်နှစ်ခြင်းအသင်းတော်)**

(ဝန်ခံချက်။ ။ **Marilym Dunham Ganch** ရေးသားသော **Good Night, Sweet Dreem, I Love You** အား ဆီလျော်အောင် မြန်မာဘာသာ ပြန်ဆိုပါသည်။ )

ooooooooooooooooooooooooooooooooooooooooooooooo

## လွယ်ကူခြင်း နှင့် ခက်ခဲခြင်း

* သူများရဲ့ အမှားကို ခုံရုံးတင် တရားစွဲရတာ လွယ်ကူ ပါတယ် ။
  ကိုယ့် အမှားကို မှတ်မိဖို့တော့ ခက်ခဲ ပါတယ် ။
* မစဉ်းစား မဆင်ခြင်ဘဲ စကားကို လက်လွှတ်စပါယ် ပြောဖို့ လွယ်ကူ ပါတယ် ။
  လျှာကို ထိန်းချုပ်ဖို့တော့ ခက်ခဲ ပါတယ် ။
* ချစ်ခင်သူ တစ်စုံတစ်ယောက်ကို နာကျင်အောင် လုပ်ဖို့ လွယ်ကူ ပါတယ် ။
  စိတ်ထိခိုက် နာကျင်သွားတဲ့ သူကို ချော့မော့ဖို့တော့ ခက်ခဲ ပါတယ် ။
* ကိုယ်က သူများကို ခွင့်လွှတ်ဖို့ လွယ်ကူပါတယ် ။
  ကိုယ်ခွင့်လွှတ်ခံရဖို့ သူများကို အနူးအညွတ်တောင်းပန်ရတာ ခက်ခဲပါတယ်၊
* ညတိုင်း စိတ်ကူးယဉ် အိမ်မက် မက်ဖို့ လွယ်ကူ ပါတယ် ။
  စိတ်ကူးကို အကောင်အထည် ဖော်ဖို့တော့ ခက်ခဲ ပါတယ် ။
* နိုင်ရင် အောင်ပွဲ ခံဖို့ လွယ်ကူ ပါတယ် ။



ရှုံးနိမ့်မှုကို ခံနိုင်ရည်ရှိဖို့ ခက်ခဲ ပါတယ် ။

* လပြည့်ဝန်းကို တမ်းတ မျှော်ငေးတာ လွယ်ကူ ပါတယ် ။
  လမိုက်ညကို ဖြတ်သန်း ဖို့တော့ ခက်ခဲ ပါတယ် ။
* ကျောက်တုံးကို ခလုတ်တိုက် လိုက်ဖို့ လွယ်ကူ ပါတယ် ။
  လဲကျသွားပြီးတဲ့အခါ ပြန်ထ ဖို့တော့ ခက်ခဲ ပါတယ် ။
* နေ့တိုင်း ပျော်နေနိုင်ဖို့ လွယ်ပါတယ်။
  နေ့တိုင်း ငြိမ်သက်ခြင်းရဖို့ ခက်ခဲပါတယ်။
* လူတစ်ယောက်ကို ဘာပေးမယ်၊ ညာပေးမယ်လို့ ကတိပေးရတာ လွယ်ကူပါတယ် ။
  အဲဒီ ကတိအတိုင်း လက်တွေ့ဖြည့်ဆည်း ပေးဖို့တော့ ခက်ခဲ ပါတယ် ။
* 'ချစ်ပါတယ်' လို့ ပြောရတာ လွယ်ကူ ပါတယ် ။
  မေတ္တာ ပြ ဖို့တော့ ခက်ခဲ ပါတယ် ။
* သူတစ်ပါး ရဲ့ အပြစ်ကို ရှာရတာ လွယ်ကူ ပါတယ် ။
  ကိုယ့် အပြစ်ကို ဖုံးဖိ ဖို့ ခက်ခဲပါတယ်။
* ဒုစရိုက် အမှား လုပ်ရတာ လွယ်ကူ ပါတယ် ။
  အမှန် ပြန်လုပ်ဖို့ကတော့ ခက်ခဲ ပါတယ် ။
* အသည်းကွဲသွားရင် ငိုကြွေးရတာ လွယ်ကူ ပါတယ် ။
  အသည်းမကွဲအောင် ချစ်ချစ်ခင်ခင် နေထိုင်ဖို့တော့ ခက်ခဲပါတယ် ။
* တိုးတက်ကြီးပွားအောင် စဉ်းစားတွေးခေါ်ဖို့ လွယ်ကူ ပါတယ် ။
  စဉ်းစားခန်း ရပ်ပြီး လက်တွေ့ ထ အကောင်အထည် ဖော်ဖို့တော့ ခက်ခဲ ပါတယ် ။
* သူတပါး မကောင်းကြောင်း စဉ်းစားရတာ လွယ်ကူ ပါတယ် ။
  သိက္ခာကျ သွားတဲ့သူကို နစ်နာကြေး ပြန်ပေးဖို့တော့ ခက်ခဲ ပါတယ် ။
* တောင်းရမ်း လက်ခံ ဖို့လွယ်ကူ ပါတယ် ။
  မျှဝေ ပေးကမ်းဖို့ ခက်ခဲ ပါတယ် ။
* စည်းကမ်းချက်တွေကို ဖတ်ရှုရတာ လွယ်ကူ ပါတယ် ။
  စည်းကမ်း လိုက်နာဖို့တော့ ခက်ခဲ ပါတယ် ။
* ဂိုဏ်း ထောင်ပြီး အဖွဲ့ဖွဲ့ ၊ နာမည် တပ်ရတာ လွယ်ကူ ပါတယ် ။
  ဂိုဏ်း မကွဲအောင် စည်းစည်းလုံးလုံး နေထိုင်ဖို့ ခက်ခဲ ပါတယ် ။

**( သားတော်မောင်အလိမ္မာ )**

( ဝန်ခံချက်။ ။ **Easy vs Difficult** အား ဆီလျော်အောင် မြန်မာ ဘာသာ ပြန်ဆိုပါသည်။ )

oooooooooooooooooooooooooooooooooooooooooooooooo

## ကျေးဇူးရှင်ဖေဖေ

သို့ ဖေဖေ

အမေက သမီးကို မွေးခဲ့ပေမဲ့၊ ဖေဖေက သမီးရဲ့ အသက်ကို သေမင်းလက်ကနေ ဆုတောင်းခြင်းနဲ့ ကယ်တင်ခဲ့တယ်နော်။ သမီးရဲ့ ကလေးဘဝမှာ ဖေဖေသာ သမီးရဲ့ အားကိုးရာ အဖော်အဖြစ် သမီးစိတ်ထဲမှာ ခံစားကြီးပြင်း ခဲ့ရပါတယ်။ အဖေပြန်လာရင် အဖေနဲ့ အတူ စားနိုင်ဖို့ အဖေ့အတွက် စားဦးစားဖျား ဟင်းဖယ်ထားပေးတာကို မေမေ မကြိုက်လို့ သမီးကို ဆူရင် ဖေဖေဟာ သမီးဘက်က ရှိနေခဲ့တယ်။ အရွယ် ရောက်လာလို့ မောင်နမ တွေကြားမှာ အချိုး မပြေတဲ့ သမီးဘက်က ဖေဖေ အမြဲ အားပေးခဲ့တယ်နော်။ "မောင်နမတွေ အားလုံးထဲမှာ သမီးကို ဖေဖေ ယုံကြည်စိတ်အချရဆုံးဘဲ"လို့ ငယ်စဉ်က ဖေဖေပြောခဲ့ဖူးတဲ့ စကားကို အဲဒီတုံးက ဘယ်သူမှ လက်မခံနိုင်ဘဲ၊ လှောင်ပြောင် ဟားတိုက်ရယ်မော ခဲ့ကြတယ်နော်။ မောင်နမတွေနဲ့ စကား များတိုင်း "သည်းခံလိုက်ပါ သမီးရယ်"လို့ တိုးတိုးလေး လာပြောတတ်တဲ့ ဖေဖေ့ စကားကို အဲဒီတုံးက သမီး နားမလည်ခဲ့ပေမဲ့ သည်းခံခြင်းရဲ့ ရလဒ်ကို အခုတော့ သမီး ကိုယ်တိုင် ခံစားနေရပါပြီ။ ဖေဖေ ပြောခဲ့သလို၊ ယုံကြည်ထားခဲ့သလို အခုတော့ သမီးဟာ မိသားစုကို ဖေဖေပြီးရင် တာဝန်ယူ လုပ် ကျွေးနိုင်တဲ့ ဘဝ နဲ့ အရည်အချင်းတွေ ရှိနေခဲ့ပါပြီ။

သမီး စိတ်ထဲမှာ အမှတ်တရ ရှိနေတဲ့ အဖြစ်အပျက်ကတော့ မေမေ့ရဲ့ အဒေါ်တွေက ဖေဖေ့ကို အော်ဟစ် ဆဲဆို ရန်တွေ့တာကို မေမေက မခံနိုင်ဘဲ ပြန်ရန်တွေ့ အော်ဟစ်ခဲ့တဲ့ အချိန်မှာ ဖေဖေဟာ အိပ်ယာပေါ်ကနေ ပြုံးပြီး ဘာမှ ခွန်းတုံ့မပြန်ဘဲ နားထောင်နေခဲ့တယ်နော်။ မေမေက ပြန်ရန်တွေ့ဖို့ အားပေးတာကို "ထားလိုက်ပါ မိန်းမရယ်၊ သူတို့ ပါးစပ် ညောင်းရင် ရပ်သွားပါလိမ့်မယ်" လို့ ပြောခဲ့တယ်နော်။ ဖေဖေ့ရဲ့ သည်းခံမှုကို ပတ်ဝန်းကျင် ကတောင် အသိအမှတ်ပြုပြီး လေးစားခဲ့ကြပါသေးတယ်။ မောင်လေး အရွယ် ရောက်လာတဲ့ အချိန်မှာလဲ အဖေနဲ့ ခြေရာချင်း တိုင်းပြီး အဖေ့ကို ရိုင်းစိုင်းစွာ စိန်ခေါ်ခဲ့ပေမဲ့ ဖေဖေ အမြဲတမ်း ခွင့်လွှတ်ခဲ့တယ်နော်။ သမီးတို့ တစ်တွေက ဆိုးသွမ်း မိုက်မဲတဲ့ မောင်လေးကို သားအဖြစ်က စွန့်လွှတ်ကြောင်း သတင်းစာထဲမှာ ထည့်ဖို့ တိုက်တွန်းခဲ့ပေမဲ့ ဖေဖေ လက်မခံဘဲ ဆိုးမိုက်တဲ့ သားကို ခွင့်လွှတ်ပေးခဲ့တယ်နော်။



ဖေဖေဟာ သမီးတို့ မေမေတို့လို ဘုရားရှိခိုးကျောင်း ပုံမှန် မတက် ခဲ့ပါဘူး၊ တစ်ခါတစ်ရံမှာတော့ သူ့ အခန်းမှာသူ တိုးတိတ်စွာ ဆုတောင်း နေတတ် ပါတယ်။ ဘုရားကျောင်း ပုံမှန်တက်၊ ဘုရားစာ၊ ကျမ်းစာတွေ အကျယ်ကြီး ရွတ်တတ်တဲ့ ကျွန်မတို့ဟာ သည်းခံခြင်းနေရာမှာ ဖေဖေ့ရဲ့ ခြေဖျားကို မမှီခဲ့ပါဘူး။ သမီးတို့ကို အမြဲယှဉ်ပြိုင် အနိုင်ကျင့်တဲ့ အိမ် နီးချင်း တွေနဲ့လဲ ဖေဖေဟာ သင့်မြတ်အောင် နေခဲ့ပါ တယ်။ ကူညီစရာရှိရင်လဲ ဖေဖေဟာ နှိမ့်ချတဲ့စိတ်နဲ့ ကူညီခဲ့တယ်နော်။ မေမေနဲ့ သမီးတို့က ဆူပေမဲ့ ဖေဖေ ပြန်ပြောတဲ့ စကားတစ်ခွန်းကတော့ "ခရစ်ယာန် ဆိုတာ သည်းခံရမယ်၊ ခွင့်လွှတ်ရမယ် ကူညီပေးကမ်းရမယ်"တဲ့။ ဖေဖေဟာ အတင်း ပြောတာ ဂုဏ်ပြိုင်တာကို လုံးဝ မကြိုက်ပါဘူး။



အခုလို သမီးတို့ နိုင်ငံရပ်ခြား တိုင်းတပါးမှာ အလုပ်လုပ်နေရချိန်မှာ ဖေဖေရောမေမေပါ သမီးတို့ကို အိမ်ပြန်လာပြီး မိသားစုနဲ့ အတူတူ နေစေချင်ပေမဲ့၊ ခေတ် ကာလ အခြေအနေနဲ့ စီးပွားရေး ကျဆင်းမှုတွေကြောင့် သမီးတို့ အဝေးမှာ နေနေကြရအုံးမယ် ဖေဖေရယ်။ ဘုရားသခင် အလိုတော် ရှိရင် တော့ မကြာခင်မှာ သမီးတို့ဟာ ကျွန်ခံရာ နိုင်ငံရပ်ခြား တိုင်းတပါး ကနေ ကိုယ့်အိမ် ကိုယ့်ယာကို ပြန်လာကြရတော့မှာပါ။ ပြန်လာနိုင်ဖို့လဲ သမီးတို့အတွက် ဆုတောင်း ပေးဖို့ လိုအပ်တယ်ဆိုတာ သမီး နားလည်ခဲ့ပါပြီ။ သမီးအတွက် ဂုဏ်ယူစွာနဲ့ ဆုတောင်း ပေးနေတဲ့ ဖေဖေ့ကို ကျေးဇူးတင်ပါတယ် ဖေဖေ၊ ဖေဖေ့ရဲ့ ကျေးဇူးကြီးမား ပုံကို ရေးပြရရင် မကုန်နိုင်တော့လို့ သမီးရဲ့ ရင်ထဲ စိတ်နှလုံးထဲမှာဘဲ သိမ်းထားလိုက် ပါရစေတော့။

ကျွန်မတို့၏ ကောင်းကင်ဘုံရှင် အဖဘုရားသခင် နှင့်တကွ ကမ္ဘာ ပေါ်မှာ ရှိကြကုန်သော ဖခင်များ အားလုံးကို **ပျော်ရွှင်သော ဖခင်များနေ့** ဖြစ်ပါစေလို့ ဂုဏ်ယူစွာ နှုတ်ခွန်းဆက်လိုက်ပါတယ်။ ။

ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌

**( မေဗွန် )**

# သူနာပြုတစ်ဦး၏အားချက် (၂)

ဖျားနာသော သူများကို ပြုစုရတဲ့ "သူနာပြု"၊ ကိုယ်ခန္ဓာ မကျန်းမာခြင်း သာမက စိတ် မကျန်းမာခြင်း နှစ်ခုစလုံးကိုပါ နှစ်သိမ့် ပြုစုရတဲ့ "သူနာပြု"။ "သူနာပြု" တို့မည်သည် နူးညံ့သိမ်မွေ့တဲ့ စိတ်နှလုံးသား၊ ညင်သာတဲ့ ထိတွေ့ ကိုင်တွယ်မှု ရှိရမယ်။ စေတနာစိတ်နဲ့ ချစ်ခြင်းမေတ္တာ အပြည့်နှင့်လည်း ပြုစုတတ်ရမယ်တဲ့။ ကြင်နာ သနားခြင်း၊ စိတ်ရှည် နှိမ့်ချ သည်းခံခြင်းစိတ် အပြည့် မွေးထားနိုင်ရမယ်တဲ့။ အထူးသဖြင့် **"Put on Love everyday" and "Smile"** တဲ့။



ယခု စာရေးသူ သူနာပြု အကြောင်း တစ်စေ့တစ်စောင်း ပြောပြ ပါရစေ။ စာရေးသူ (သူနာပြု) သည် ယခင်က သူနာပြုတစ်ဦး ဖြစ်လာဖို့ လုံးဝ ရည်ရွယ်ချက် မရှိပါ။ စာရေးသူ (သူနာပြု) အဖြစ်ချင်ဆုံး ကတော့ သူနာပြု တွေကို အမိန့်နဲ့ခိုင်းစေတဲ့ "ဆရာဝန်" တစ်ဦးပဲ ဖြစ်ချင်ခဲ့တာပါ။ ဒါပေမဲ့လည်း ဘုရားသခင်ရဲ့ အကြံအစည်တော်ဟာ သူနာပြု နားမလည်နိုင်ရလောက် အောင် အံ့သြစရာတွေ ဖြစ်ခဲ့ပါတယ်။

**"လူသည် မိမိသွားရာလမ်းကို စိတ်ထဲ မှာ ကြံစည်၏။ သို့သော်လည်း သူ၏ ခြေရာတို့ကို ထာဝရဘုရား စီရင်တော်မူ၏။" (သု ၁၆း၉)**

ဘုရားသခင်က အကြီးအကဲ ဖြစ်လိုသောသူသည် အစေခံ ဖြစ်ရမည် တဲ့။ ယခုတော့ စာရေးသူ (သူနာပြု) သည် ဆရာဝန်ရဲ့ လက်စွဲတော် အထောက်အကူ တစ်ယောက် ဖြစ်ခဲ့ရသည်ကို သူနာပြု ပျော်ပါသည်။ သူနာပြု စဉ်းစားမိသည်မှာ– "ကောင်းသော ရှမာရီ" ဟာလည်း သူနာပြု တို့လိုပဲ သူနာပြု တစ်ယောက် ဖြစ်ခဲ့သလားလို့။ သူနာပြု ဆုံးဖြတ်လိုက်ပါပြီ။ ကောင်းသော ရှမာရိလိုပဲ ကြင်နာ သနားတတ် တဲ့ စိတ်နဲ့ ဒဏ်ရာ အနာတရနဲ့ ဖျားနာသော သူ တွေကို အစွမ်းကုန် ကူညီပြုစုပါ့မယ်လို့။ ဆရာဝန်ရဲ့ အဆူ အ ပေါက်နဲ့ အခိုင်း ခံရလျှင်လည်း ခံရပါစေတော့၊ သူနာပြုဟာ သူနာပြု အလုပ်ကိုဘဲ ချစ်တတ်လာပါပြီ။



ဒါပေမဲ့လည်းလေ ... ... လူဆိုတာက ခက်သား၊ တစ်ခါတစ်ခါ အလုပ် များပြီး ပင်ပန်း ငြီးငွေ့သွားတဲ့အခါ သူနာပြု အလုပ်ကို လုံးဝ မလုပ်ချင်တော့ လောက်အောင် စိတ်ပျက်မိပါတယ်။ အဲဒီအခါမှာ ဘုရားရှင်ရဲ့ **သေသည့် တိုင်အောင် သစ္စာစောင့်လော့။ သို့ ပြု လျှင် အသက်သရဖူကို ရလိမ့်မည်** ဆိုတဲ့ ကျမ်းစကားကို ကြားယောင် မိလိုက်တယ်။ သူနာပြုလည်း အဆုံးထိ တိုင်အောင် သာဓုသစ္စာရှိသော ငယ်သားကောင်းပဲ ဖြစ်ချင်တာပေ့ါ။

နှိမ့်ချ သည်းခံခြင်းနဲ့ နားလည်ခွင့်လွှတ်တတ်ခြင်း တို့ကတော့ သူနာပြု တို့ရဲ့ နေ့စဉ်နေ့တိုင်း အာဂုံဆောင်၊ လက်တွေ့လုပ်ရတဲ့ ဆောင်ပုဒ်ပါပဲ။ လူနာတွေ၊ ဆရာဝန်တွေ ဘက်က ဘယ်လိုပဲမှားမှား၊ ဖြေရှင်းလို့ မရတဲ့အခါ နားလည် ခွင့်လွှတ် ပေးလိုက်ရတဲ့ သူတွေကတော့ အမြဲတမ်း သူနာပြုတွေ ပါပဲ။ လူနာတွေ ဘက်က အမှားသိ နောင်တရပြီး သူနာပြုတို့ကို ပြန်လည် တောင်းပန်တဲ့အခါမှာတော့ "ရပါတယ်။ ကိစ္စ မရှိပါဘူး။ ခွင့်လွှတ်ပါတယ်" ဆိုပြီး ခွင့်လွှတ်ပြုံး လေးနဲ့ပဲလား? အောင့်သက်သက် ရင်နာနာ အပြုံးလေးနဲ့ ပဲလား? ပြန်လည်တုန့်ပြန်ရတဲ့ အကြိမ်ပေါင်းကတော့ မရေမတွက်နိုင် လောက်အောင်ပါပဲ။

အဖြစ်အပျက်ကလေး တစ်ခုကို ဝေမျှပါရစေ။

တစ်ခါက သူနာပြု တာဝန်ကျတဲ့ အဆောင်မှာ ကလေးငယ်လေး တစ်ယောက်ဟာ အသက်ရှု လမ်းကြောင်းမှာ တစ်စုံတစ်ခု ပိတ်ဆို့နေတဲ့အတွက် အသက် ကောင်းကောင်းရှူလို့ မရပါဘူး။ ကလေးရဲ့ မိခင်ဟာ အလွန့်အလွန်ပဲ ခက်ထန်မာကျောပါတယ်။ သူနာပြုတွေကိုလည်း မတူ မတန်သလို သူ့ရဲ့ အခိုင်း အစေ တစ်ယောက်လိုပဲ ဆက်ဆံပါတယ်။ တစ်နေ့တော့ သူနာပြု တာဝန်ကျတဲ့ အချိန်၊ ကလေးမိခင်ဟာ ညှေ့ချိန်မှာ ကလေးကို လာတွေ့ပါတယ်။ သူမရဲ့ ထုံးစံအတိုင်း ခပ်လှမ်းလှမ်း ကနေပြီး ခပ်ထန်ထန် အသံနဲ့ သူနာပြုကို လှမ်းခေါ် လိုက်ပါတယ်။ သူနာပြုကလည်း ဘာများ အရေးကြီးလို့ပါလိမ့် ဆိုပြီး သူ့အနားကို အပြေးလေးလှမ်း၊ ရောက်သွားတဲ့ အချိန်မှာ"ငါ့ကလေး အခြေအနေ ဘယ်လိုရှိ တယ်ဆိုတာ ငါ သိချင်တယ်" ဆိုတဲ့ သူမရဲ့ ခပ်ထန်ထန် အမိန့်သံ မေးခွန်းကြောင့် သူနာပြု ထောင်းကနဲ ဒေါသထွက်သွားပါတယ်။ စိတ်ထဲကလည်း "ငါ့ကို သူ့ရဲ့ အခိုင်းအစေ တစ်ယောက်လို သဘောထား ပြောဆို ဆက်ဆံတယ်ဆိုပြီး ပိုလို့ ဒေါသ ထွက်မိတယ်။

ဒါပေမဲ့လည်းလေ သူနာပြု တို့မည်သည် ဒေါသ ထွက်ချင်သော်လည်း အပြင် ထွက်မလာခင် ပြန်လည်မျိုချ ခွင့်လွှတ် နားလည် ပေးရတဲ့ နှလုံးသား ပိုင်ရှင် မဟုတ်ပါလား။ "ဟုတ်ကဲ့ပါ" ဆိုပြီး ကလေးရဲ့ အခြေအနေ အားလုံးကို ရှင်းပြပါတယ်။ နှိမ့်နှိမ့်ချချ လေသံလေးနဲ့ ရှင်းပြတဲ့ သူနာပြုကို သူမကတော့ ခပ်ထန်ထန်နဲ့ မလိုအပ်တဲ့ မေးခွန်းတွေ၊ သိပြီးသားတွေကိုလည်း ပြန်မေးလို့ စိတ်ရှည်ရှည် ထားပြီး ပြန်ဖြေပေးရတာလည်း စိတ်မော လူမောပါပဲ။

တစ်ညနေတည်းမှာပဲ ကလေးကို တစ်ခြားဆေးရုံ (ကုသမှု ပစ္စည်း ကိရိယာ စုံတဲ့ ဆေးရုံ) ကိုပြောင်းရမယ်ဆိုတော့ မြန်မြန်ဆန်ဆန် စီစဉ်လိုက် ရပါတယ်။ အဆင်သင့်ဖြစ်ပြီး သွားခါနီးမှာ ကလေးမိခင်ကို လှမ်းခေါ်လိုက်ပါတယ်။ ဆေးရုံ အဆောင်ထဲက ထွက်ခါနီး ကလေးလေးကို မိခင်ရင်ခွင်ထဲ ထဲ့ပြီး ခဏ ချီခိုင်းလိုက်တဲ့အခါမှာတော့ ကလေးရဲ့ မိခင်ဟာ အတား အဆီး မရှိတဲ့ မျက်ရည် တွေ စီးကျလာတာကို တွေ့ရပါတယ်။ သူနာပြု လည်း ကလေးမိခင် ငိုနေတာကို ကြည့်ပြီး တော်တော့်ကို စိတ်မကောင်း ဖြစ်မိပါတယ်။ ခုနက အစိုင်အခဲတွေလည်း အားလုံး အရည်ပျော်သွားပါတယ်။ တစ်ရှူး စက္ကူရွက် ကလေးများကို လှမ်းယူပြီး ကလေးမိခင်ကို လှမ်းပေးလိုက်တဲ့အခါ မှာတော့ ကလေးမိခင်က မျက်ရည်များ သုတ်ပြီး သူနာပြုကို ပြန်ကြည့်တဲ့ အကြည့် "ကျေးဇူး အများကြီးတင်ပါတယ် သူနာပြု တို့ရယ်" ဆိုတဲ့ ကလေး မိခင်ထံမှ စကား ... ...

သူနာပြု နားလည်လိုက်ပါတယ်။ သူမရဲ့ ရင်တွင်းထဲက ပြောမဲ့စကား "ဩော် ... သူနာပြုတွေဟာ ငါသူတို့ အပေါ် ဘယ်လောက် ပဲ ဆိုးခဲ့ ဆိုးခဲ့၊ အထက်စီးက ဆက်ဆံခဲ့ ပေမဲ့လည်း ငါ့ကိုခွင့်လွှတ်ပြီး ကြင်နာခြင်း ကရုဏာတွေ ပေးနေပါလားလို့ ..."

ဩော် "သူနာပြု" ဆိုတာ... ချစ်ခြင်းမေတ္တာ၊ သနားခြင်း ကရုဏာ၊ ခွင့်လွှတ် သည်းခံ နှိမ့်ချ စိတ်ရှည်ခြင်း နှလုံးသား ပိုင်ရှင်များပါလား။ ... ... ...

**အဆိုး အားဖြင့် အရှုံး မခံနှင့်။ အကောင်းအားဖြင့် အဆိုးကို နိုင်လော့။ ရောမ ၁၂း၂၁**

"သူနာပြုများ အားလုံးကို လေးစား ဂုဏ်ပြုလျှက် – "

**( နန်းခင်ဖြူ )**

ooooooooooooooooooooooooooooooooooooooooooooo

( စာမူများ ရေးသား ပေးပို့ နိုင်ပါသည် )

နိုင်ငံရေး ၊ လူမျိုးရေး ၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ။

---

**Min Aung Thet Lwin ,**

**Blk 76A , #30-02, Red Hill Road, S'pore 151076 .**

**( E-mail address ;  min_atl @ yahoo . com . sg )**